ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေးအဖွဲ့

## ညွှန်ကြားချက်အမှတ်၊ ၃/ ၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆုတ် ၉ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ ၄ ရက်)

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်နှင့် အဆိုပါ ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

**" အမိုးနီးယားဓာတ်ငွေ့ အသုံးပြုသော ရေခဲစက်ရုံများ နှင့် အအေးခန်းစက်ရုံများမှ လိုက်နာဆောင်ရွက်ရန် "**

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေးနည်းဥပဒေများ၊ နည်းဥပဒေ ၅၃၊ ၅၆၊ ၅၈၊ ၅၉၊ ၆၀၊ ၆၂၊ ၆၃ ပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံတစ်ဝန်းတည်ထောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အမိုးနီးယားဓာတ်ငွေ့အသုံးပြုသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများသည် ဤညွှန်ကြားချက် ထုတ်ပြန်သည့်နေ့မှစ၍ နောက်ဆက်တွဲပါ အချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၂။ ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများသည် ထုတ်လုပ်မှုပမာဏပေါ် မူတည်ပြီး ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း( Initial Environmental Examination- IEE ) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း( Environmental Impact Assessment- EIA)ကို ရေးဆွဲပြီး ယင်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၃။ သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့များသည် နောက်ဆက်တွဲပါအချက်များကို ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများမှ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် အနည်းဆုံး(၃)လ တစ်ကြိမ် ကွင်းဆင်းစစ်ဆေးပြီး မိမိတို့စစ်ဆေးတွေ့ရှိချက်ကို ကြီးကြပ်ရေးအဖွဲ့သို့ နည်းဥပဒေ-၄၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ (၇)ရက်အတွင်း တင်ပြရမည်။ ကြီးကြပ်ရေးအဖွဲ့သည် တင်ပြလာသော စစ်ဆေးတွေ့ရှိချက်များအပေါ် စိစစ်လျက် လိုအပ်သလို ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်းများ ပြု

လုပ်ပြီး ယင်းစစ်ဆေးတွေ့ရှိချက်နှင့် မိမိ၏ ညွှန်ကြားချက်၊ ကြီးကြပ်ချက်များကို ဗဟိုကြီးကြပ်ရေးအဖွဲ့သို့ နည်းဥပဒေ-၃၈နှင့်အညီ ဆက်လက် အစီရင်ခံတင်ပြရမည်။

၄။ ဤညွှန်ကြားချက်ထုတ်ပြန်သည့်နေ့မှစ၍ လက်ရှိထုတ်လုပ်မှု ဆောင်ရွက်လျက်ရှိသော ရေခဲစက်ရုံများနှင့် အအေးခန်းစက်ရုံများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

4.9.18

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/ စမရ(၄-၃)/ ၂၀၁၈(၁၁၆)
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
(..............................................................................ဝန်ကြီးဌာန)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် } ညီနောင်အသင်းအဖွဲ့များထံ ထပ်ဆင့်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန ( မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)

ညွှန်ကြားရေးမှူးချုပ်

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်

ဤဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်း/ ဦးစီးဌာနများအားလုံး

(..........................................................................................)

အမိန့်ကြော်ငြာစာတွဲ